*မြန်မာဘာသာပြန်*

# မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ်အကြောင်းသိကောင်းစရာ မေးခွန်း (၇) ခု။

- **မေးခွန်း (၁) - မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ် ပေါ်ပေါက်လာပုံကိုရှင်းပြပေးပါ။**

မြန်မာနိုင်ငံသို့ ရွက်လှေအားကစားစတင်ရောက်ရှိလာသည်မှာ ဗြိတိသျှကိုလိုနီခေတ်၊ ရန်ကုန်ရွက်လှေအသင်း Rangoon Sailing Club အင်းယားကန်တွင် သန္ဓေတည်ဖွဲ့စည်းခြင်းမှ စတင်ခဲ့ပါသည်။ ၁၉၂၄ ခုနှစ်တွင်၊ အင်္ဂလိပ်ဘုရင်ခံကိုယ်တိုင် အသင်းဥက္ကဋ္ဌ (Commodore) အဖြစ် တာဝန်ယူဆောင်ရွက်ခဲ့ပြီး၊ ဗြိတိသျှလူမျိုးများက ဆင့်ကဲတာဝန်ယူဆောင်ရွက်ခဲ့ကြပါသည်။ ၁၉၅၄ ခုနှစ်တွင်၊ မြန်မာ့ရေတပ်မတော်၏ ပထမဦးဆုံးစစ်ရေယာဉ် " မေယု " Commander ဗိုလ်မှူးကြီးခင်ဖေကြီးက၊ အသင်းဥက္ကဋ္ဌ (Commodore) အဖြစ်၊ မြန်မာနိုင်ငံသားများလက်ဝယ်ရောက်ရှိခဲ့ပါသည်။ ၁၉၉၆ ခုနှစ်တွင်၊ Yangon Sailing Club အမည်သို့ ပြောင်းလဲခဲ့ပါသည်။

မြန်မာနိုင်ငံလှေလှော်ရွက်တိုက်အဖွဲ့ချုပ်ကို မြန်မာနိုင်ငံ၊ ရန်ကုန်မြို့တွင် ၁၉၅၆ ခုနှစ်က စတင်တည်ထောင်ခဲ့ပါသည်။ ၄င်းသည်အရှေ့တောင်အာရှဒေသအတွင်း၊ အမျိုးသားအိုလံပစ်ကော်မတီ၏ဦးဆောင်ဦးစီးမှုအောက်တွင်ဖွဲ့စည်းသည့်၊ ပထမဦးဆုံးသောလှေလှော်ရွက်တိုက်အားကစားအဖွဲ့ချုပ်ဖြစ်ပြီးရည်ရွယ်ချက်မှာ၊ မြန်မာနိုင်ငံတွင် လှေလှော်နှင့်ရွက်လှေအားကစားကိုမြှင့်တင်ရန်နှင့် စနစ်တကျစီမံဆောင်ရွက်ရန်အတွက်ဖြစ်ပါသည်။ မြန်မာနိုင်ငံလှေလှော်ရွက်တိုက်အဖွဲ့ချုပ်၏ တည်ထောင်သူနှင့် ပထမဦးဆုံးဥက္ကဋ္ဌကိုယ်တိုင်မှာ ရွက်လှေအားကစားကိုအထူးစိတ်အားထက်သန်ပြီး၊ မြန်မာနိုင်ငံအမျိုးသားအိုလံပစ်ကော်မတီ၏ တက်ကြွသောအဖွဲ့ဝင်တစ်ဦးဖြစ်သည့် ဦးမောင်မောင်လွင် ဖြစ်ပါသည်။ ၁၉၆၆ ခုနှစ်တွင် အဖွဲ့ချုပ်၏အမှုဆောင်ကော်မတီကိုပြန်လည်ဖွဲ့စည်းခဲ့ပြီး၊ မြန်မာ့တပ်မတော် (ရေ) မှ ဗိုလ်မှူးကြီးအောင်ကြီးသည် ဥက္ကဋ္ဌ ဖြစ်လာခဲ့ပါသည်။ ၁၉၇၅ ခုနှစ်တွင် ဒုတိယဗိုလ်မှူးကြီးမင်းလွင်က ဥက္ကဋ္ဌ အဖြစ် (၂) နှစ်ကြာတာဝန်ယူခဲ့ပြီး၊ ဒုတိယဗိုလ်မှူးကြီးခင်အောင် (၁၉၇၈–၁၉၈၀)၊ ဒုတိယဗိုလ်မှူးကြီးသိန်းထွန်း (၁၉၈၁–၁၉၈၂) ၊ ဗိုလ်မှူးကြီးမြသိန်း (၁၉၈၃–၁၉၉၁) နှင့် ဒုတိယဗိုလ်မှူးကြီးသိန်းထွန်းက ၁၉၉၁ ခုနှစ် နှစ်လယ်မှစတင်ပြီး ၂၀၀၅ ခုနှစ် ဇန်နဝါရီလအထိ၊ အသီးသီးတာဝန်ထမ်းဆောင်ခဲ့ကြပါသည်။ ထို့နောက် ၂၀၀၅ ခုနှစ်၊ ဖေဖော်ဝါရီလတွင် မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ်၏အတွင်းရေးမှူးတာဝန်ယူလျက်ရှိခဲ့သည့်၊ ရန်ကုန်ရွက်လှေအသင်း၏ဂုဏ်ထူးဆောင်ရာသက်ပန်အဖွဲ့ဝင်ဖြစ်သူ ဦးမိုးမြင့် (MPRL E&P

ကုမ္ပဏီများအုပ်စု၏အမှုဆောင်အရာရှိချုပ်) ကဥက္ကဋ္ဌတာဝန်ဝတ္တရားများကို လွှဲပြောင်းရယူခဲ့ရသည်မှ ယနေ့တိုင်အထိဖြစ်ပါသည်။

ဒုတိယဗိုလ်မှူးကြီးသိန်းထွန်း လက်ထက်ဖြစ်သော ၁၉၉၁ ခုနှစ်တွင်၊ မြန်မာနိုင်ငံအမျိုးသားအိုလံပစ်ကော်မတီက၊ ရွက်လှေအားကစားနှင့်လှေလှော်အားကစား (၂) မျိုးလုံးကို အရှိန်အဟုန်ဖြင့်မြှင့်တင်ရန်ရည်ရွယ်၍၊ မြန်မာနိုင်ငံလှေလှော်ရွက်တိုက်အဖွဲ့ချုပ်ကို မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ် ဟူ၍သီးခြားခွဲထုတ်ခဲ့ပါသည်။ ၄င်းအချိန်မှစ၍၊ မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ်ဟု သိရှိကြသော၊ သီးခြားရပ်တည်နေသည့် ရွက်လှေအဖွဲ့ချုပ်တစ်ခုစတင်ပေါက်ဖွားလာမှုပင် ဖြစ်ပါသည်။ ယခုဥက္ကဋ္ဌဖြစ်သော ဦးမိုးမြင့် သည် ၂၀၀၅ ခုနှစ်၊ ဖေဖော်ဝါရီလ ရွက်လှေအဖွဲ့ချုပ်၏ဥက္ကဋ္ဌအဖြစ်တာဝန်ဝတ္တရားများကို လွှဲပြောင်းခန့်အပ်ခြင်းခံသည့်အချိန်မှစတင်၍၊ ဥက္ကဋ္ဌဦးမိုးမြင့်၏ စွမ်းစွမ်းတမံဦးဆောင်အားပေးမှု၊ စီမံကွပ်ကဲမှုတို့ဖြင့် လိုအပ်သောရွက်လှေများကိုဝယ်ယူခြင်း၊ ခေတ်မီအထောက်အကူပစ္စည်းများဝယ်ယူခြင်း၊ လူငယ်မျိုးဆက်သစ်များအတွက် သင်တန်းများဖွင့်လှစ်ခြင်း၊ နိုင်ငံတကာကျွမ်းကျင်နည်းပြများငှားရမ်းခြင်း၊ ပြည်ပသို့လေ့ကျင့်ရေးသင်တန်းများစေလွှတ်ခြင်း၊ ပြည်ပပြိုင်ပွဲများဆင်နွှဲစေခြင်းစသော၊ ထောက်ပံ့မှုအမျိုးမျိုးကိုပြုလုပ်ဆောင်ရွက်ကာ၊ ရွက်လှေအားကစားသည် မြန်မာနိုင်ငံတွင်ဆက်လက်အောင်မြင်စွာရပ်တည်လာသကဲ့သို့ အားကစားသမားများအနေနှင့်လည်း၊ နိုင်ငံတကာပြိုင်ပွဲများတွင် အောင်မြင်စွာပါဝင်ယှဉ်ပြိုင်လာနိုင်ခဲ့ပါသည်။

- **မေးခွန်း (၂) - မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ်၏ ရည်ရွယ်ချက်များကိုဖော်ပြပေးပါ။**

မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ်၏ အဓိကရည်ရွယ်ချက် (၅) ခုမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

- ရွက်လှေအားကစားကို ပြည်တွင်းတွင်ဖြစ်စေ၊ နိုင်ငံတကာတွင်ဖြစ်စေ၊ အဆင့်မီစွာပါဝင်ယှဉ်ပြိုင်လာနိုင်သည်အထိ၊ ရွက်လှေအားကစားသမားများ၏ ရွက်လှေစီးနင်းခြင်းအတတ်ပညာစွမ်းရည်ကိုတဆင့်ချင်းတိုးတက်မြှင့်တင်နိုင်ရန်၊
- ရွက်လှေအားကစားနည်းအား၊ နိုင်ငံအတွင်းရှိအားကစားနယ်ပယ်အသီးသီး၏ အားကစားသမားသွေးသစ်များအကြားသိရှိစေပြီး၊ ရွက်လှေအားကစားသမားများ ပိုမိုတိုးတက်များပြားလာအောင်စုဆောင်းနိုင်ရန်၊
- Dinghy အမျိုးအစားရွက်လှေတည်ဆောက်မှုနည်းစနစ်များနှင့်အတူဆက်စပ်သည့် ရွက်လှေအစိတ်အပိုင်းများထုတ်လုပ်မှုကို ပြုလုပ်လာနိုင်လာစေရန်အတွက် အားပေးမြှင့်တင်ရန်၊

- အခြားသော ပြည်တွင်း/ ပြည်ပရွက်လှေအသင်းအဖွဲ့များနှင့်ပူးပေါင်းဆောင်ရွက်ပြီး၊ ရွက်လှေအားကစားနည်းအား၊ လူအများ၏စိတ်ပါဝင်စားမှုပိုမိုရရှိစေရန်နှင့် မြန်မာနိုင်ငံအပါအဝင် ဒေသအတွင်းရှိ ရွက်လှေအားကစားသမားများ၏ယှဉ်ပြိုင်မှုစွမ်းရည်များကို မြှင့်တင်သွားနိုင်ရန်၊

- ရှေးဦးစွာ အရှေ့တောင်အာရှနှင့်အာရှအဆင့်အားကစားပြိုင်ပွဲများတွင်အောင်မြင်စွာဝင်ရောက်ယှဉ်ပြိုင်ခြင်းမှသည် ကမ္ဘာ့အဆင့်နှင့်အိုလံပစ်အဆင့်ရွက်လှေပြိုင်ပွဲများအထိ၊ သွားရောက်ယှဉ်ပြိုင်နိုင်ရန်၊

- **မေးခွန်း (၃) - မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ်၏ အဓိကဆောင်ရွက်မှုများကိုရှင်းပြပေးပါ။**

မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ်၏အဓိကဆောင်ရွက်မှုများတွင်၊ ရွက်လှေအားကစားကို အဆင့်မြင့်မားတိုးတက်ရေးနှင့် လူငယ်မျိုးဆက်သစ်အားကစားသမားများကို၊ အခြေခံအဆင့်မှ အဆင့်မြင့်အဆင့်အထိပါဝင်သည့်၊ ရွက်လှေသင်တန်းများကို တစ်နှစ်ပတ်လုံးဖွင့်လှစ်ကာ ပြုစုပျိုးထောင်ခြင်းတို့ဖြစ်ပါသည်။ ထို့အပြင်၊ ရွက်လှေနှင့်ဆက်စပ်ပစ္စည်းငှားရမ်းခြင်းကို ဆောင်ရွက်လျက်ရှိပြီး၊ လက်ရှိ လူစိတ်ဝင်စားမှုအများဆုံးမှာ Stand-Up Paddles (SUPs) ဖြစ်ပါသည်။ ထိုအားကစားနည်းကို ရန်ကုန်ရွက်လှေအသင်းနှင့် Ngwe Saung Yacht Club & Resort စသည်တို့တွင် သင်တန်းများဖွင့်လှစ်သင်ကြားပေးခြင်းနှင့် SUP Board ငှားရမ်းပေးခြင်းများကိုဆောင်ရွက်ပေးလျက်ရှိပါသည်။ ထို့အပြင်၊ လက်ရွေးစင်ရွက်လှေအားကစားသမားများအတွက် စွမ်းရည်တိုးတက်မြင့်မားရေးနှင့် နိုင်ငံတကာမှအသိအမှတ်ပြုမှုများရရှိရေး ရည်မှန်းပြီး၊ လူငယ်မျိုးဆက်သစ်အစီအစဉ်များကိုလည်း ဆောင်ရွက်လျက်ရှိပါသည်။

" အဖွဲ့ချုပ်သည် ပြည်တွင်း၌ ရွက်လှေအားကစားဖွံ့ဖြိုးတိုးတက်ရေးကို မြှင့်တင်ဆောင်ရွက်ရင်း၊ နိုင်ငံတကာ ရွက်လှေအားကစားလှုပ်ရှားမှုများနှင့် ထိတွေ့ဆက်ဆံမှုရရှိစေရန်၊ နိုင်ငံတကာရွက်လှေပြိုင်ပွဲများကို အောက်ပါအတိုင်းအောင်မြင်စွာလက်ခံကျင်းပခဲ့ပါသည်။ "

(က) ၁၉၆၁ ခုနှစ်၊ 2nd SEAP Games ကို အင်းယားကန်တွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ရာ၊ ရွက်လှေအားကစားနည်းကို ဒေသတွင်း ပထမဆုံးစတင်ထည့်သွင်းကျင်းပခဲ့သည့် ဦးဆောင်နိုင်ငံဖြစ်ပါသည်။ ပြိုင်ပွဲ (၂) မျိုးစလုံးတွင် မြန်မာနိုင်ငံမှ ရွှေတံဆိပ်ဆွတ်ခူးရရှိခဲ့ပါသည်။

(ခ) ၁၉၆၉ ခုနှစ်၊ 5th SEAP Games ကို အိမ်ရှင်အဖြစ်လက်ခံကျင်းပခဲ့ရာ ရွက်လှေပြိုင်ပွဲများကို ငပလီတွင်ကျင်းပခဲ့ပြီး၊ ပြိုင်ပွဲအားလုံးတွင် ရွှေတံဆိပ် (၄) ခု၊ ဆွတ်ခူးရရှိခဲ့ပါသည်။

(ဂ) ၁၉၉၆ ခုနှစ်၊ အောက်တိုဘာလ၊ ရန်ကုန်မြို့အင်းယားကန်တွင် 9th Asean Optimist Championship 1996 ကို၊ လက်ခံကျင်းပခဲ့ပါသည်။ ထိုစဉ်က၊ မြန်မာနိုင်ငံသည် ASEAN အဖွဲ့ဝင်နိုင်ငံမဟုတ်သေးဘဲ Observer Status သာဖြစ်ပါသည်။

(ဃ) ၂၀၀၄ ခုနှစ်၊ ဒီဇင်ဘာလ၊ ချောင်းသာပင်လယ်ပြင်၌ Asean Open Optimist Championship 2004 ပြိုင်ပွဲကို လက်ခံကျင်းပခဲ့ပါသည်။

(င) ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ (၁၁) ရက်နေ့ မှ (၂၀) ရက်နေ့အထိ၊ 27th SEA Games ကို ငွေဆောင်ကမ်းခြေ၊ Ngwe Saung Yacht Club & Resort တွင် အောင်မြင်စွာလက်ခံကျင်းပခဲ့ပါသည်။ နိုင်ငံတော်အတွက် ရွှေ (၂)၊ ငွေ (၁)၊ ကြေး (၂) ဆွတ်ခူးရရှိခဲ့ပါသည်။

(စ) ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလတွင် NSYC ၌၊ 1st Myanmar Wave Rider Cup ပြိုင်ပွဲကို လက်ခံကျင်းပခဲ့ပါသည်။

(ဆ) ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလတွင် The Optimist Asian & Oceanian Championship ပြိုင်ပွဲကို NSYC တွင် လက်ခံကျင်းပခဲ့ပါသည်။

**Ngwe Saung Yacht Club & Resort တည်ဆောက်ခြင်း**

(ဇ) ရွက်လှေအားကစားသည် ပင်လယ်ပြင်တွင်သာ လေ့ကျင့်/ယှဉ်ပြိုင်ရသဖြင့်၊ မြန်မာ့ရွက်လှေအားကစား၏ ပင်လယ်ပြင်အတွေ့အကြုံအားနည်းမှုနှင့် 27th SEA Games အတွက် မဖြစ်မနေလိုအပ်သော Host Club ကို ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ငွေဆောင်ကမ်းခြေတွင် အားကစားဝန်ကြီးဌာနပိုင်၊ ဦးပိုင်အမှတ် N. ၅၉၊ N. ၆၃၊ N. ၆၄၊ မြေဧရိယာအကျယ် (၉.၆၄) ဧကပေါ်တွင် Ngwe Saung Yacht Club & Resort ကိုတည်ဆောက်ခဲ့ပါသည်။ ၂၀၁၀ ခုနှစ်၊ ဩဂုတ်လ (၁၆) ရက်နေ့၊ အဖွဲ့ချုပ်တာဝန်ရှိသူများ ငွေဆောင်ကမ်းခြေတွင် မြေနေရာကွင်းဆင်း

ရာဖွေသည်မှ တည်ဆောက်မှုပြီးဆုံးသည်အထိ၊ (၃) နှစ်ကျော်ကာလအတွင်း ရာသီဥတု/ လမ်းပမ်းဆက်သွယ်မှု အခက်အခဲများအပြင်၊ ဒေသခံအချို့၏ နှောင့်ယှက်မှုများကိုပါရင်ဆိုင်ကျော်လွှားခဲ့ရပါသည်။ Ngwe Saung Yacht Club & Resort တည်ဆောက်ရေးကုန်ကျစရိတ်၊ စုစုပေါင်းကျပ်သန်းပေါင်း (၁၅,၀၀၁.၁၅) ကို အဖွဲ့ချုပ်ဥက္ကဋ္ဌဦးမိုးမြင့်တစ်ဦးတည်းက၊ စိုက်ထုတ်ကုန်ကျခံခဲ့ပါသည်။

- **မေးခွန်း (၄) - ရွက်လှေအားကစားအပါအဝင် အားကစားသည်အဘယ်ကြောင့်အရေးကြီးသည်ကိုရှင်းပြပေးပါ။**

ရွက်လှေအားကစားမှာ လေ၏စွမ်းအားကိုအသုံးပြုပြီး၊ ရွက်များကိုထိန်းကျောင်းမှုဖြင့် လှေကို ရှေ့သို့ရွှေ့စေသောအားကစားနည်းတစ်မျိုးဖြစ်ပါသည်။ ထို့ကြောင့်၊ မိမိရွေးချယ်သောလှေအမျိုးအစားမှာဦးစွာအရေးပါပြီး၊ ၄င်းမှပင်လယ်ပြင်တွင်တိုက်ခတ်သော လေတိုက်နှုန်းနှင့် ရာသီဥတုအခြေအနေတို့ဖြင့်၊ မိမိရွက်လှေကိုရွှေလျားစေရန်၊ အတွေ့အကြုံ၊ အဆုံးအဖြတ်တို့ဖြင့်ပြုလုပ်ရခြင်းဖြစ်ပါသည်။ အသုံးများသော လှေအမျိုးအစား (၂) မျိုးရှိပြီး၊ Keel Boats (သို့မဟုတ်) Yachts နှင့် Dinghy တို့ဖြစ်ပါသည်။ Yacht တစ်ခုတွင် လူအများလိုက်ပါစီးနင်းနိုင်သော်လည်း၊ Dinghy မှာ လူ (၁) ဦးမှ (၂) ဦးအထိသာလိုက်ပါစီးနင်းနိုင်သော လှေငယ်အမျိုးအစားဖြစ်ပါသည်။

ထို့ပြင်၊ ရွက်လှေအားကစားသည် လူငယ်လူကြီးများအားလုံးအတွက် အကျိုးကျေးဇူးများစွာကိုဖြစ်ပေါ်စေပါသည်။ လူတစ်ဦးချင်းအတွက်မူ၊ ရွက်လှေအားကစားမှတဆင့်၊ ကိုယ်ကျင့်တရားတည်ဆောက်မှု၊ စည်းကမ်းလိုက်နာတတ်မှုနှင့် မိမိကိုယ်ကိုယုံကြည်မှုများဖြစ်ပေါ်လာစေသည်။ ရွက်လှေအားကစားကို အသက် (၆) နှစ်အရွယ်ကပင် Optimist Class Dinghy လှေအမျိုးအစားဖြင့်စတင်လေ့ကျင့်နိုင်ခြင်းသည်၊ ရွက်လှေအားကစား၏ထူးခြားမှုတစ်ခုပင် ဖြစ်ပါသည်။ ထို့ကြောင့်ငယ်ရွယ်စဉ်ကပင်၊ စည်းကမ်းလိုက်နာခြင်း ၊ မှန်ကန်သောဆုံးဖြတ်ချက်များချမှတ်ခြင်းနှင့် မိမိကိုယ်ကိုယုံကြည်မှုတည်ဆောက်ခြင်းများအကြောင်းသိရှိလာနိုင်ပါသည်။ ထို့အပြင်၊ လူငယ်အားကစားသမားများအနေဖြင့်၊ နိုင်ငံတကာရွက်လှေပြိုင်ပွဲများသို့ဝင်ရောက်ယှဉ်ပြိုင်သည့်အခါ၊ အနိုင်နှင့်အရှုံးကိုတူညီစွာရင်ဆိုင်တတ်သွားမည်ဖြစ်ပါသည်။ လူအများသည်အရှုံးကိုကြောက်ရွံ့တတ်ကြသော်လည်း၊ အရှုံးကိုမလွဲမသွေရင်ဆိုင်ရခြင်းမှာ ဘဝ၏အစိတ်အပိုင်းတစ်ခုအဖြစ်ခံယူကာ၊ အဆိုပါအရှုံး၊ အမှားမှသင်ခန်းစာယူ၍ ပိုမိုကောင်းမွန်သော လူသားများဖြစ်လာနိုင်မည်ဖြစ်ပါသည်။

နိုင်ငံတော်အဆင့်အနေဖြင့်၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ရေရှည်ရည်မှန်းချက်မှာ နိုင်ငံသားအားလုံး၏ကျန်းမာကြံ့ခိုင်ရေးကို ထိန်းသိမ်းစောင့်ရှောက်ရန်ဖြစ်ပါသည်။ ထို့ကြောင့်၊ နိုင်ငံတစ်နိုင်ငံအနေဖြင့် နိုင်ငံတကာအားကစားပြိုင်ပွဲများတွင် အောင်မြင်စွာပါဝင်ယှဉ်ပြိုင်နိုင်ခြင်းသည်၊ အဆိုပါနိုင်ငံ၏နိုင်ငံသူ/ နိုင်ငံသားများသည် ကျန်းမာခြင်းဟူသောဆုလာဘ်ကို ပိုင်ဆိုင်ထားသူများဖြစ်ကြောင်းဖော်ပြနေခြင်းဖြစ်ပါသည်။ ထို့ကြောင့်လည်း၊ နိုင်ငံတစ်နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုကိုဖော်ပြသည့်အချက်အလက်များတွင် အားကစားနည်းများကို လေ့ကျင့်ယှဉ်ပြိုင်နိုင်ခြင်းသည်လည်း ပါဝင်လျက်ရှိပါသည်။ သို့ဖြစ်ပါ၍၊ အားကစားသည် နိုင်ငံသားများ၏ လူမှုစီးပွားဘဝနှင့် နိုင်ငံရေးနောက်ခံတို့အနေဖြင့် ကမ္ဘာတစ်ဝန်းလက်ခံထားသည့် စည်းမျဉ်း၊ စည်းကမ်းများအတိုင်း ဝင်ဆန့်နိုင်သည့်စွမ်းအားလည်းရှိပါသည်။ ထို့အတူပင်၊ အားကစားသည်အတားအဆီးများကို ဖယ်ရှားပြီး၊ ဘုံရည်မှန်းချက်တစ်ခုအတွက် စုစည်းမှုတစ်ခုကိုဖော်ဆောင်နိုင်ကာ နိုင်ငံအလိုက်အောင်ပွဲရရှိစေရန်လည်း၊ အကူအညီပေးနိုင်စွမ်းရှိပါသည်။ သို့ဖြစ်ပါ၍၊ လူငယ်များ၏စွမ်းအားများကို အကြမ်းဖက်မှုများနှင့် မူးယစ်ဆေးဝါးများနေရာများမှ အားကစားလှုပ်ရှားမှုများသို့ လမ်းကြောင်းပြောင်းလဲပြီး၊ နိုင်ငံတည်ဆောက်ရေးတွင်ပို၍ပါဝင်ဆောင်ရွက်နိုင်ရန်၊ အားပေးဆောင်ရွက်သင့်ခြင်းဖြစ်ပါသည်။

အားကစားအောင်မြင်ခြင်းသည် နိုင်ငံ့ဂုဏ်ကိုမြှင့်တင်ခြင်းဖြစ်သည်၊ ကျန်းမာကြံ့ခိုင်သောနိုင်ငံသားများကသာ နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်နိုင်မည်ဖြစ်ပါသည်။

သို့ဖြစ်၍၊ အားကစားသည်တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်လျက်ရှိပြီး၊ ကမ္ဘာ့နိုင်ငံများတွင်အားကစားပိုမိုတိုးတက်ဖြစ်ထွန်းစေရန်၊ သက်ဆိုင်ရာအစိုးရများကစံနစ်တကျလေ့ကျင့်သင်ကြားနိုင်စေရန်၊မဟာဗျူဟာကျကျပံ့ပိုးအားပေးခြင်းဖြင့်၊ အားကစားဖွံ့ဖြိုးတိုးတက်သည့် လူမှုအသိုက်အဝန်းများ ဖော်ဆောင်နေခြင်းဖြစ်ပါသည်။

- **မေးခွန်း (၅) - MPRL E&P ၏ အခန်းကဏ္ဍ အားရှင်းပြပေးပါ။**

MPRL E&P သည် မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ်ကို အဓိကပံ့ပိုးလျက်ရှိသည့်ကုမ္ပဏီဖြစ်ပြီး၊ ရေရှည်လက်တွဲ၍လိုအပ်သည်များကိုပံ့ပိုးခဲ့ပါသည်။ ပံ့ပိုးမှုများတွင် ငွေကြေးဆိုင်ရာရန်ပုံငွေထည့်ဝင်ပေးခြင်း၊ ဝန်ဆောင်မှုအကူအညီများပေးခြင်း (သို့မဟုတ်) လိုအပ်သောအရင်းအမြစ်ပံ့ပိုးခြင်းတို့ပါဝင်ပြီး၊ အားကစားဆိုင်ရာပံ့ပိုးမှုတွင် ပြိုင်ပွဲများကျင်းပရေးအတွက် ငွေကြေးပံ့ပိုးခြင်း၊ အသင်းယှဉ်ပြိုင်ရေးအတွက်ပံ့ပိုးခြင်းနှင့် ထူးချွန်အားကစားသမားများအားပံ့ပိုးခြင်းတို့အားဖြင့် အဓိက (၃) မျိုးပြုလုပ်ဆောင်ရွက်ပေးနေပါသည်။

ပြိုင်ပွဲကျင်းပရေးအတွက်ပံ့ပိုးမှုတွင် MPRL E&P သည် နိုင်ငံတကာပြိုင်ပွဲဝင်များပါဝင်သည့် ပြိုင်ပွဲများအနေဖြင့် ၂၀၁၅ ခုနှစ်တွင် Myanmar Wave Rider Cup အားလည်းကောင်း၊ ၂၀၁၈ ခုနှစ်တွင် The Optimist Asian & Oceanian Championships အားလည်းကောင်း၊ အဓိကပံ့ပိုးသူအဖြစ်ဆောင်ရွက်ခဲ့ပါသည်။ အဆိုပါနိုင်ငံတကာအသိအမှတ်ပြုရွက်လှေပြိုင်ပွဲများကို၊ မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ်အနေဖြင့် အိမ်ရှင်အဖြစ်အောင်မြင်စွာကျင်းပနိုင်ရန် MPRL E&P အနေဖြင့် အဓိကပံ့ပိုးသူအဖြစ်မပါဝင်ပါက၊ ယင်းပြိုင်ပွဲအခမ်းအနားများလက်ခံကျင်းပရန်မဖြစ်နိုင်ပါ။

ထို့ပြင်မှမက MPRL E&P သည် ၁၉၉၇ ခုနှစ်မှစတင်၍ မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ်သို့ ရွက်လှေနှင့်ဆက်စပ်ပစ္စည်း များဝယ်ယူရေးအတွက်လည်းကောင်း၊ (၂) နှစ်လျှင် တစ်ကြိမ်ကျင်းပသည့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲများနှင့် (၄) နှစ်လျှင်တစ်ကြိမ်ကျင်းပသည့် အာရှအားကစားပြိုင်ပွဲများတွင်ပါဝင်ယှဉ်ပြိုင်ရေးအတွက်လည်းကောင်း၊ဒေသဆိုင်ရာအဆင့်၊ အာရှအဆင့်နှင့် ကမ္ဘာ့အဆင့်ဖိတ်ခေါ်ရွက်လှေပြိုင်ပွဲများသို့ ပါဝင်ယှဉ်ပြိုင်ရေးအတွက်လည်းကောင်း၊ မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ်ဝန်ထမ်းများနှင့် အားကစားသမားများသို့ လစာထောက်ပံ့ကြေးနှင့်စားစရိတ်များ ကျခံထုတ်ပေးနိုင်ရေးအတွက်လည်းကောင်း၊ မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ်၏ပြည်တွင်းတွင်ကျင်းပသည့် ရွက်လှေပြိုင်ပွဲများ၊ ချောင်းသာ/ငွေဆောင်ပင်လယ်ပြင်လေ့ကျင့်ရေးအစီအစဉ်များ ပြုလုပ်နိုင်ရေးအတွက်လည်းကောင်း၊ အဓိကပံ့ပိုးသူအဖြစ်ဆောင်ရွက်ခဲ့ပြီး၊ ယနေ့အထိလည်းဆောင်ရွက်လျက်ရှိပါသည်။

မှန်ကန်ကောင်းမွန်သည့် ပျိုးထောင်လေ့ကျင့်မှုနှင့် ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်နိုင်မှုတို့ကို၊ အပြည့်အဝဖော်ဆောင်နိုင်စေရန်အတွက် အားကစားဖွံ့ဖြိုးတိုးတက်စေရန် ငွေကြေးပံ့ပိုးခြင်းသည်အားကစားသမားများအတွက်သာမက၊ အားကစားအဖွဲ့ချုပ်များအတွက်ပါ အလွန်အရေးကြီးပါသည်။ ကမ္ဘာတစ်ဝန်းတွင်အားကစားဆိုင်ရာငွေကြေးပံ့ပိုးမှုအဖြစ်စုစုပေါင်းအမေရိကန်ဒေါ်လာ (၆၀) ဘီလီယံခန့် နှစ်စဉ်အသုံးပြုလျက်ရှိပြီး၊ နှစ်အလိုက်တိုးတက်လျက်ရှိပါသည်။ ၎င်းမှအကျိုးရလဒ်အနေဖြင့်၊ ငွေကြေးပံ့ပိုးသူကုမ္ပဏီများအနေဖြင့်၊ ၎င်းတို့၏ကုမ္ပဏီပုံရိပ်ကိုမြှင့်တင်နိုင်ခြင်း၊ အခွန်ကင်းလွတ်ခွင့်ရရှိခြင်း၊ အားကစားသမားများ၊ ဝန်ထမ်းများနှင့်ထိတွေ့ဆက်ဆံနိုင်ခြင်းတို့ကို တိုးတက်ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ မြန်မာ့ရွက်လှေအားကစားတိုးတက်မြင့်မားရေးအတွက် MPRL E&P အမှုဆောင်အရာရှိချုပ်ဖြစ်သော မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမိုးမြင့်၏ (၁၉၉၁ ခုနှစ်မှ ၂၀၁၈ ခုနှစ် အထိ) လူအား၊ ငွေအား၊ ပစ္စည်းအားဖြင့် စုစုပေါင်းထည့်ဝင်လှူဒါန်းငွေမှာ ကျပ်သန်းပေါင်း (၁၈,၇၀၅.၇၂) နှင့်အမေရိကန်ဒေါ်လာ (၃.၄၅) သန်းဖြစ်ပါသည်။ နှစ်အလိုက်ထည့်ဝင် လှူဒါန်းငွေစာရင်းအား ပူးတွဲဇယားဖြင့် ဖော်ပြထားပါသည်။

ထို့အတူပင် မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ်၏ရွက်လှေအားကစားလုပ်ငန်းများ စဉ်ဆက်မပြတ်တိုးတက်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် MPRL E&P Group of Companies ၏အုပ်စုဝင်ကုမ္ပဏီတစ်ခုဖြစ်သည့် Ngwe Saung Yacht Club & Resort (ဟိုတယ်လုပ်ငန်း) က နှစ်စဉ်ဝင်ငွေစုစုပေါင်း၏ (၁.၅ %) အား ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှစတင်၍ပံ့ပိုးနေသည်ဖြစ်ရာ၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာ ရေးနှစ်ကုန်ဆုံးချိန်အထိ စုစုပေါင်းကျပ် ၂၅၆.၃၅ သန်းကို မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ်သို့ ထည့်ဝင်လှူဒါန်းပံ့ပိုးပေးခဲ့ပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍၊ MPRL E&P ၏အမှုဆောင်အရာရှိချုပ် ဦးမိုးမြင့် ၏စဉ်ဆက်မပြတ်အလေးထားပံ့ပိုးကူညီမှုသည်၊ မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ်၏ ရွက်လှေအားကစားဖွံ့ဖြိုးတိုးတက်မှုကို များစွာအကျိုးဖြစ်ထွန်းစေခဲ့ပြီး၊ ဆက်လက်၍လည်းအဓိကပံ့ပိုးကူညီသူအဖြစ် တည်ရှိနေမည်ဖြစ်ပါသည်။

- **မေးခွန်း (၆) - မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ်၏ အောင်မြင်မှုများကို ဖော်ပြပေးပါ။**

မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ်၏အောင်မြင်မှုများစွာအနက်အမှတ်တရအဖြစ်ဆုံး၊ အောင်မြင်မှုတစ်ခုမှာ ၂၀၀၁ ခုနှစ်၊ အရှေ့တောင်အာရှအားကစားပြိုင်ပွဲ (သို့မဟုတ်) 21st SEA Games ကို မလေးရှားနိုင်ငံတွင် သွားရောက်ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်ပါသည်။ အဆိုပါပြိုင်ပွဲမှ မြန်မာနိုင်ငံကိုယ်စားပြုရွက်လှေအသင်းအနေဖြင့်၊ ပြိုင်ပွဲအမျိုးအစား (၁၂) မျိုး အနက် (၅) မျိုးတွင်ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး၊ ရွှေ (၃) ဆု၊ ကြေး (၁) ဆု ရရှိခဲ့ကာပါဝင်ယှဉ်ပြိုင်သည့် နိုင်ငံအလိုက်ရွှေရရှိမှုအဆင့်တွင်အများဆုံးဖြစ်ခဲ့ပါသည်။ အဆိုပါအောင်မြင်မှုသည်၊ အရှေ့တောင်အာရှအားကစားပြိုင်ပွဲများတွင် မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ၌၊ ရွှေတံဆိပ်ဆုအများဆုံးရရှိမှုအဖြစ်မှတ်တမ်းဝင်ခဲ့ပါသည်။ မြန်မာနိုင်ငံကအိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် ၂၀၁၃ ခုနှစ်၊ (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင်မြန်မာနိုင်ငံကိုယ်စားပြုရွက်လှေအသင်းသည် ပြိုင်ပွဲအမျိုးအစား (၁၃) မျိုးစလုံးတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး၊ ရွှေ (၂) ခု၊ ငွေ (၁) ခု၊ ကြေး (၂) ခုတို့ရရှိခဲ့ကာ၊ နိုင်ငံတော်၏သတ်မှတ်တာဝန်ပေးချက်ကို အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်သည်သာမက၊ နိုင်ငံတကာအဆင့်မီ ရွက်လှေစခန်းတစ်ခုအဖြစ် Ngwe Saung Yacht Club & Resort သည်လည်းအသိအမှတ်ပြုခံခဲ့ရခြင်းဖြင့် နိုင်ငံတော်၏ဂုဏ်ကို မြှင့်တင်ပေးနိုင်ခဲ့ပါသည်။

ထို့ပြင်သိသာထင်ရှားသည့် အောင်မြင်မှုအဖြစ်၊ ၂၀၁၄ ခုနှစ်တွင်၊ တရုတ်နိုင်ငံ၊ နန်ကျင်းမြို့နှင့် ၂၀၁၈ ခုနှစ်တွင် အာဂျင်တီးနားနိုင်ငံ Buenos Aires တို့တွင် ကျင်းပခဲ့သည့် လူငယ်

အိုလံပစ်အားကစားပြိုင်ပွဲတို့တွင်ဆက်တိုက်ပါဝင်ယှဉ်ပြိုင်နိုင်သည့်၊ နိုင်ငံတကာပြိုင်ပွဲများသို့ ယှဉ်ပြိုင်နိုင်ခဲ့သည့် အရည်အချင်းပြည့်မီခဲ့ ခြင်းဖြစ်ပါသည်။ အားကစားသမားများအနေဖြင့်၊ အရည်အသွေးပိုင်းဆိုင်ရာစံသတ်မှတ်ချက်နှင့်နည်းစနစ်များရှုပ်ထွေးနက်နဲလှသည့် တစ်ကမ္ဘာလုံးဆိုင်ရာအားကစားပြိုင်ပွဲတစ်ခုဖြစ်သည့် အိုလံပစ်အားကစားပြိုင်ပွဲသို့ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိခြင်းသည်၊ လွယ်ကူသည့်အလုပ်မဟုတ်ပါ။ ထို့ကြောင့်လည်း၊ မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ်၏ရည်မှန်းချက်များအနက်တစ်ခုမှာ အိုလံပစ်အားကစားပြိုင်ပွဲများသို့ ဝင်ရောက်ယှဉ်ပြိုင်နိုင်သည့်၊ အရည်အချင်းပြည့်မီရေးပင်ဖြစ်ပါသည်။

၂၀၁၈ ခုနှစ်အတွင်း မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ်အနေဖြင့်၊ ရွက်လှေအားကစားသမား (၄၀၀)နှင့် (၅၀၀) ကြားကိုလေ့ကျင့်သင်ကြားမွေးထုတ်ပေးနိုင်ခဲ့ပါသည်။ အဆိုပါကလေးငယ်များသည် နိုင်ငံအတွင်းနယ်စွန်နယ်ဖျားဒေသများအပါအဝင်၊ နိုင်ငံတစ်ဝှမ်းမှရောက်လာခြင်းဖြစ်ပြီး၊ ၎င်းတို့ကိုယ်တိုင် နိုင်ငံ့လက်ရွေးစင်အားကစားသမားအဖြစ်၊ နိုင်ငံတကာပြိုင်ပွဲများတွင်ဝင်ရောက်ယှဉ်ပြိုင်နိုင်ရမည်ဆိုသည့် ရည်မှန်းချက်များချမှတ်၍ လေ့ကျင့်သင်ကြားပေးလျက်ရှိပါသည်။ အဖွဲ့ချုပ်အနေဖြင့်လည်း၊ အဆိုပါကလေးငယ်များ၏ရည်မှန်းချက်များပြည့်မြောက်အောင်မြင်စေရန်၊ အစွမ်းကုန်ပံ့ပိုး၊ ကူညီကြိုးပမ်းသွားမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍၊ မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ်၏ ဦးဆောင်မှုဖြင့်၊ ရန်ကုန်နှင့် ငွေဆောင်ရွက်လှေလေ့ကျင့်ရေးစခန်း (၂) ခုသည်၊ နိုင်ငံ့လက်ရွေးစင်အားကစားသမားများမွေးထုတ်ပေးနိုင်မည့် လေ့ကျင့်ရေးစခန်းများအဖြစ်၊ ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိပါသည်။

- **မေးခွန်း (၇) - မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ်၏ အနာဂတ်ရည်မှန်းချက်များကို ဖော်ပြပါ။**

မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ်သည်၊ မြန်မာနိုင်ငံတွင်ရွက်လှေအားကစားနည်းဆိုင်ရာ သင်ကြားလေ့ကျင့်ခြင်းကိုစဉ်ဆက်မပြတ်ပြုလုပ်နိုင်ရန်ရည်ရွယ်ထားပြီး၊ အများပြည်သူစိတ်ပါဝင်စားမှုများရရှိသည့်အားကစားနည်းများအနက်၊ စိတ်ပါဝင်စားသူအရေအတွက် ပိုမိုတိုးပွားလာစေရန် ဆောင်ရွက်လျက်ရှိပါသည်။ အလားတူ ၂၀၁၉ ခုနှစ်တွင်၊ လူငယ်ရွက်လှေအားကစားသမားဦးရေယခုထက်နှစ်ဆတိုးတက်လာစေခြင်းဖြင့်၊လူငယ်များ၏စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုနှင့်တိုးတက်မှုအစီအစဉ်များကို အကောင်အထည်ဖော်နိုင်ရန်၊ ဦးတည်ဆောင်ရွက်လျက်ရှိပါသည်။

အရေးကြီးဆုံးအချက်အနေဖြင့်၊ (၃၀) ကြိမ်မြောက်၊ အရှေ့တောင်အာရှအားကစားပြိုင်ပွဲ (ဆီးဂိမ်း) ကို ယခုနှစ်၊ ၂၀၁၉ ဒီဇင်ဘာလတွင် ဖိလစ်ပိုင်နိုင်ငံ၌ ကျင်းပသွားမည်ဖြစ်ရာ၊ မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ်အနေဖြင့်၊ အဆိုပါပြိုင်ပွဲတွင် ဆုတံဆိပ်များဆွတ်ခူးရရှိနိုင်စေ

ရန်၊ ရည်မှန်းချက်ထားလျက်၊ ပြိုင်ပွဲဝင်များအတွက်အကောင်းဆုံးသော ပြိုင်ပွဲရလဒ်များရရှိနိုင်စေရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိပါသည်။

အနာဂတ်ရည်မှန်းချက်များအဖြစ်၊ မိုင်ပေါင်း (၁၃၈၅) ရှည်လျားသည့် မြန်မာ့ပင်လယ်ကမ်းရိုးတန်းရှိ၊ မြို့ကြီးများတွင် Yacht Clubs/ Sailing Clubs များ ဖွဲ့စည်းပေါ်ပေါက်ရေး နှင့် Ngwe Saung Yacht Club & Resort ကို Ngwe Saung Yacht Club & Marina အဖြစ်၊ အဆင့်မြှင့်တင်တည်ဆောက်သွားရန်၊ ဦးတည်ဆောင်ရွက်မည်ဖြစ်ပါသည်။

မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ်နှင့်ပတ်သက်၍ လေ့လာသိရှိလိုပါက–

https://www.facebook.com/myanmarsailing/
http://www.myanmarsailing.org/en/

*********